ကုရ်အာန်၊ ဟဒီးဆ်တွင် ဖော်ပြထားသော

အိမ်နီးချင်းဝတ္တရားများ



ဘာသာပြန်ဆိုသူ

မွဖ်သီ အဗ်ဒွလ်ဂနီ (နဒ်ဝီ၊ မဇ္ဇာဟေ့ရီ)

All India Muslim Personal Law Board

မှ ဖြန့်ဝေသော သောကြာနေ့ မိန့်ခွန်း အမှတ်စဉ် (၂၅၀) အားဘာသာပြန်ဆိုသည်။

بسم الله الرحمن الرحيم

အရဗီ ဆိုရိုးစကားတစ်ခု မှတ်သားဖူးသည်။ **اطلبوا الجار قبل الدار والرفيق قبل الطريق** “အိမ်မရှာခင် အိမ်နီးချင်းကောင်းကို အရင်ရှာပါ၊ ခရီးမထွက်မီ ကောင်းသော ခရီးဖော်ကို အရင်ရှာပါ။” ခေတ်မီတိုးတက်လှသည့် ယနေ့ကဲ့သို့ AI ခေတ်ကြီးတွင် လူ့တန်ဖိုးမထားသည့် ကပ်ဆိုးမှာ ယခင်ကထက် ပိုမိုတိုးတက်လာခဲ့ပါပြီ။ လူ့တန်ဖိုးမထားခြင်းကပ်ဆိုးသည် ကျွန်ုပ်တို့ အစ္စလာမ့်ပတ်ဝန်းကျင်တွင်ပါ တွင်ကျယ်လာသည်။ လူ့တန်ဖိုး မထားခြင်းဖြင့် အီမာန်ထိခိုက်စေသည့် အပြုအမူများကိုလည်း နားမလည်တော့ဘဲ မေ့ထားလိုက်ကြသည်။

အိမ်နီးချင်းအား တန်ဖိုးထားခြင်း၊ ဒုက္ခမပေးခြင်း၊ စိတ်ချမ်းသာ၊ ကိုယ်ကျန်းမာစွာထားခြင်း၊ ၎င်းတို့နှင့် အေးအတူပူအမျှ ခံစားပေးခြင်း၊ ၎င်းတို့၏ လောကီ၊ လောကုတ္တ

ရာ၊ နှစ်ဘဝအောင်မြင်ဖွယ်ရာတို့ကို သောက ပိုက်ပေးခြင်းတို့သည် အီမာန်က တောင်းဆိုထားသည့် အချက်များဖြစ်သည်။

ယနေ့ ကျွန်ုပ်တို့အပျက်ကွက်ဆုံး အခန်းကဏ္ဍဟု စိတ်မကောင်းစွာဖြင့် မှတ်ချက်ပြုလိုပါသည်။

အိမ်နားနီးချင်းကောင်းလိုချင်လျှင်၊ ကိုယ်က ဦးစွာ အိမ်နီးချင်း ကောင်းပီသရပါမည်။

အိမ်နီးချင်း၏ ဒုက္ခကို မခံစားနိုင်လျှင်ကိုယ်ကလည်း သုခ ဖန်တီးသူ ဦးစွာဖြစ်ရပါမည်။

ဤခံစားချက်များကို အရင်ခံထားပြီး ကျွန်ုပ်၏ ချစ်မိတ်ဆွေ ဟဇရသ် မော်လာနာ ကာရီ မုဖ်သီ အဗ်ဒုလ်ဂနီ (နဒ်ဝီ၊ မဇ္ဇာဟေ့ရီ) အလ်ဟာရမိုင်းန် စာပေ တည်ထောင်သူသည် پڑوسیوں کے حقوق အမည်ရှိ သောကြာနေ့ မိန့်ခွန်း တစ်ခုအား မြန်မာဘာသာပြန်ဆိုလိုက်သည်။

ဤစာအုပ်ငယ်တွင် ကုရ်အာန်၊ ဟဒီးဆ်တွင် ဖော်ပြထားသော အိမ်နီးချင်းဝတ္တရာများအနက် (၆)ခုကို ဖော်ပြထားသည်။ ဖတ်ပါ၊ မှတ်ပါ၊ လိုက်နာပါ ဟု အကြံပြုပါရစေ။

အရှင်မြတ် မုဖ်သီဆပ်၏ ကြိုးပမ်းမှုအလုံးစုံကို အထူး လက်ခံသဘောတူတော်မူပြီး ဖတ်ရှုနာယူသူ အပေါင်းတို့ကိုလည်း ကြီးမားသော အစားများ ချီးမြှင့်ပေးပြီး လက်တွေ့ ကျင်သုံးနိုင်ခွင့်ပေးသနားတော်မူပါစေ။

မုဟမ္မဒ် အာစွင်းမ် (နဒ်ဝီ)

Hijri 1446/Jumadal Ula/5

8/11/2024(သောကြာနေ့)

بسم الله الرحمن الرحيم

الحمد لله رب العالمين، والصلاة والسلام على رسوله الكريم، أما بعد، قال الله تعالى في القرآن المجيد:

﴿ ۞ وَٱعْبُدُوا۟ ٱللَّهَ وَلَا تُشْرِكُوا۟ بِهِۦ شَيْـًٔا ۖ وَبِٱلْوَٰلِدَيْنِ إِحْسَـٰنًا وَبِذِى ٱلْقُرْبَىٰ وَٱلْيَتَـٰمَىٰ وَٱلْمَسَـٰكِينِ وَٱلْجَارِ ذِى ٱلْقُرْبَىٰ وَٱلْجَارِ ٱلْجُنُبِ وَٱلصَّاحِبِ بِٱلْجَنۢبِ وَٱبْنِ ٱلسَّبِيلِ وَمَا مَلَكَتْ أَيْمَـٰنُكُمْ ﴿٣٦﴾ ﴾ النساء [٣٦].

"ထို့ပြင် အသင်တို့သည် အလ္လာဟ်အရှင်မြတ်အား ခ၀ပ်ကိုးကွယ် ဆည်းကပ်ကြလေကုန်။ ၎င်းပြင် အသင်တို့သည် မည်သည့် တစ်စုံတစ်ရာကိုမျှ ထိုအရှင်မြတ်နှင့် တွဲဖက်နှိုင်းယှဉ်ခြင်းကို မပြုကြကုန်လင့်။ ထိုမှတစ်ပါး အသင်တို့သည် အမိအဖ နှစ်ပါးတို့နှင့်လည်းကောင်း၊ ဆွေးမျိုးသားချင်းတို့နှင့်လည်းကောင်း၊ ဖမဲ့ကလေးတို့နှင့်လည်းကောင်း၊ အထီးကျန် သူဆင်ရဲတို့နှင့်လည်းကောင်း၊ ဆွေးမျိုးတော်စပ်သော

အိမ်နီးချင်းတို့နှင့်လည်းကောင်း၊ ဆွေးမျိုးမတော်စပ်သည့် အိမ်နီးချင်းတို့နှင့်လည်းကောင်း၊ (မိမိတို့နှင့်အတူ နေထိုင် သွားလာကြကုန်သော)အပေါင်းအဖော်တို့နှင့်လည်းကောင်း၊ ခရီးသည်များနှင့်လည်းကောင်း မိမိတို့ ပိုင်ဆိုင် သော ကျေးကျွန်တို့နှင့် လည်းကောင်း ကောင်းစွာ ဆက်ဆံ ပြုစုကြလေကုန်။ (ကုရ်အာန် ၄ - ၃၆)

အစ္စလာမ်သာသနာတော်၌ မိဘနှစ်ပါးနှင့် ဆွေမျိုး သားချင်းများ၏နောက် တတိယနေရာတွင် အိမ်နီးနားချင်း များကို ကောင်းမွန်စွာဆက်ဆံရန်နှင့် ၎င်းတို့၏ တာဝန် ဝတ္တရားများကို ဆောင်ရွက်ရန် အလေးအနက် တိုက်တွန်း ထားပေသည်။ တမန်တော်မြတ် (ﷺ) မိန့်တော်မူသည် -

ما زال جبريل يوصيني بالجار حتى ظننت أنه سيورثه.

(صحيح البخاري: كتاب الأدب، باب الوصايا بالجار. صحيح مسلم: كتاب البر والصلة، باب الوصية بالجار).

ဂျစ်ဗ်ရီးလ်(ﷺ)သည် ငါတမန်တော်အား အိမ်နီးနားချင်းများနှင့် စပ်လျဉ်း၍ အမြဲမပြတ် (ကောင်းမွန်စွာဆက်ဆံရန်) မှာတမ်းလေ့ရှိရာ နောက်ဆုံး ငါတမန်တော်သည် အိမ်နီးနားချင်းများကို အမွေးစားအမွေခံအဖြစ် သတ်မှတ်ရတော့မည်လောဟုပင် ထင်မှတ်ခဲ့ရပေသည်။

လူသားသည် မိမိဘဝသက်တမ်းကို ငြိမ်းချမ်းစွာ ကုန်ဆုံးချင်သည်။ စိတ်ဖိစီးမှုများနှင့် ဒုက္ခများမှ ကင်းဝေးစွာနေထိုင်ချင်သည်။ အိမ်တွင်းရေးပြဿနာများ ပြီးသည့်နောက် ဓနအင်းအား ကွာဟမှုကြောင့်သော် လည်းကောင်း၊ လူမှုဆက်ဆံရေး မတူကွဲပြားသည့် အတွက်ကြောင့်သော် လည်းကောင်း များသောအားဖြင့် လူသားအား စိတ်ဖိစီးမှုအဖြစ်စေဆုံးအရာမှာ အိမ်နီးချင်းကြောင့်ပင်ဖြစ်သည်။ တစ်ခါတစ်ရံ အိမ်နီး၏ ဆက်ဆံရေးကြောင့်၊ တစ်ခါတစ်ရံ အိမ်နီးချင်းကလေးများ ဆော့ကစားခြင်းကြောင့်၊ တစ်ခါ

တစ်ရံ အိမ်မွေးတိရိစ္ဆာန်များ ဝင်ထွက်သွားလာခြင်းကြောင့်၊ တစ်ခါတစ်ရံ တံခါးများ ပြူတင်းပေါက်များ အဖွင့်အပိတ်ကြောင့်၊ တစ်ခါတစ်ရံ ရေဆိုးမြောင်း စီးတွေခြင်းကြောင့်၊ စသည့် အမျိုးမျိုးသော အကြီးအသေး ကိစ္စများကြောင့် စိတ်ဖိစီးမှုနှင့် ကြုံကြိုက်ရပေသည်။ အကယ်၍ အိမ်နီးချင်းသည် စိတ်ဓါတ်ညံ့ဖျင်းသူဖြစ်ပါက ပို၍ပင် အခက်အခဲများ ကြုံကြိုက် ရပေသည်။ ထို့အတွက်ကြောင့် တမန်တော်မြတ် (ﷺ) က မကောင်းသည့် အိမ်နီးနားချင်းမှ ကင်းဝေးရန် အလ္လာဟ်အရှင်မြတ်ထံတော်၌ ခိုလှုံမှုပြုကြဟု သင်ကြားပေးတော်မူခဲ့လေသည်။

تعوّذوا بالله من شر جار المقام. (مسند أحمد: ٣٤٦/٢).

အကယ်၍ အိမ်နီးချင်းသည် သဘောထားပြည့်ဝပြီး မွန်မြတ်သူ၊ ပါးနပ်သူ၊ ကူညီစိတ်ရှိသူဖြစ်ပါက လူသားအတွက် မိမိနေထိုင်ရာ ရပ်ကွက်၊ ပတ်ဝန်းကျင်သည် ဂျန္နသ်

အလား ဖြစ်သွားပေသည်။ အစ္စလာမ်သာသနာတော်က ကောင်မွန်သည့် ဇနီးသည်အား ပိုင်ဆိုင်ရသူသည် နဖူးစာ ကောင်းမွန်သူဟု သတ်မှတ်သည့်အခါ အိမ်နီးနားချင်းကောင်း နှင့် ကြုံကြိုက်ရသူအားလည်း နဖူးစာကောင်းသူဟု သတ်မှတ်ထားလေသည်။ တမန်တော်မြတ်(ﷺ)က လူသား အတွက် သုံးခုသောအရာ နဖူးစာ ကောင်းခြင်းပင် ဖြစ်သည် ဟု မိန့်တော်မူခဲ့သည်။ (၁) ကျယ်ဝန်းသည့် အိမ်။ (၂) အိမ်နီး ချင်းကောင်း။ (၃) သက်သောင့်သက်သာမှုပေးသည့် အစီး အနှင်း။ (الأدب المفرد للإمام البخاري: باب الجار الصالح)

ကုရ်အာန်ကျမ်းတော်မြတ်တွင် အလ္လာဟ်အရှင်မြတ် သည် အိမ်နီးချင်း သုံးမျိုးရှိကြောင်း မိန့်တော်မူထားပေသည်။ (၁) ဆွေးမျိုးတော်စပ်သည့် အိမ်နီးချင်း။ (၂) ဆွေးမျိုးတော် စပ်ခြင်းမရှိသည့် အိမ်နီးချင်း။ (၃) မိမိနှင့် လုပ်ဖော်ကိုင်ဖက်၊ ခရီးဖော်။ အစ္စလာမ်သာသနာသည် ဖော်ပြပါ အိမ်နီးချင်း

သုံးမျိုးစလုံးနှင့် ကောင်းမွန်စွာဆက်ဆံရန် သွန်သင် ဆုံးမထားတော်မူသည်။ အိမ်နီးချင်းသည် ဘာသာမတူသူဖြစ်ပါစေ၊ ဆွေးမျိုးမတော်စပ်သူဖြစ်ပါစေ၊ ဆင်ရဲနွမ်းပါးသူဖြစ်ပါစေ အားလုံးတို့နှင့် ကောင်းမွန်စွာဆက်ဆံရပေမည်။

တမန်တော်မြတ်(ﷺ)သည် ဟဒီးဆ်တော်အမြောက်များတွင် အိမ်နီးချင်း၏ တာဝန်ဝတ္တရားများကို မိန့်တော်မူခဲ့သည် အားလုံးဟဒီးဆ်တော်များ ခြုံငုံသုံးသပ်ကြည့်သော် အိမ်နီးချင်းနှင့် စပ်လျဉ်း၍ ထားရှိရမည့် တာဝန်ဝတ္တရား (၆)ရပ် ရှိပေသည်။

(၁) အိမ်နီးချင်းအား မည်သည့် ဒုက္ခမျှမပေးရ။

စိတ်သောကဖြစ်စေ၊ အသက်အန္တရာယ်အရဖြစ်စေ၊ ဥစ္စာပစ္စည်း နစ်နာမှုဖြစ်စေသော မည့်သည့် ဒုက္ခမျှမပေးရ။

والله لا يؤمن، والله لا يؤمن، والله لا يؤمن، قيل: من يا رسول الله؟ قال: الذي لا يأمن جاره بوائقه. (صحيح البخاري: كتاب الأدب، باب إثم من لا يأمن جاره بوائقه).

တမန်တော်မြတ် (ﷺ) မိန့်တော်မူသည် - "အလ္လာဟ် အရှင်မြတ်၏ ကစမ် ထိုသူသည် မုအ်မင်န်မဟုတ်။ အလ္လာဟ် အရှင်မြတ်၏ကစမ် ထိုသူသည် မုအ်မင်န်မဟုတ်။ အလ္လာဟ် အရှင်မြတ်၏ကစမ် ထိုသူသည် မုအ်မင်န်မဟုတ်။ ထိုအခါ အို-ကိုယ်တော် မည်သူပါနည်းဟု မေးလျှောက်ကြရာ တမန်တော်မြတ်က "အိမ်နီးချင်းတို့အား မိမိရန်မှ အေးချမ်းမှု မပေးသူ"ဟု ဖြေကြားတော်မူခဲ့သည်။

တမန်တော်မြတ်(ﷺ)နှင့် အတူထိုင်နေခိုက် ထိုင်ဝိုင်းမှ တစ်ယောက်သောသူက အမျိုးသမီးတစ်ယောက်အကြောင်း တင်ပြသည်။ ထိုအမျိုးသမီးသည် နမားဇ်အား စွဲစွဲမြဲမြဲ ဝတ်ပြု

သည်။ ရိုဇာလည်း မပြတ်စောင့်ထိန်းသည်။ အလှူအတန်းလည်း ရက်ရောလှသည်။ သို့သော် ၎င်း၏နှုတ်ကြောင့် အိမ်နီးချင်းတို့ စိတ်ဆင်းရဲရသည်ဟု တင်ပြရာ တမန်တော်မြတ်(ﷺ)က ထိုအမျိုးသမီးသည် အပယ်ငရဲသို့ လားရမည့်သူမဖြစ်သူဟု မိန့်တော်မူခဲ့သည်။ (مسند أحمد: ٤٤٠/٢)

တစ်ခါတွင် တစ်ဦးသောသူသည် တမန်တော်မြတ်(ﷺ) ထံ ရောက်ရှိလာပြီး လျှောက်ထားသည် အို-ကိုယ်တော် ကျွန်ုပ်၏ အိမ်နီးချင်းသည် ကျွန်ုပ်အား အလွန်ပင် ဒုက္ခပေးသူဖြစ်ပါသည်။ ထိုအခါ ကိုယ်တော်က အသင်သည် မိမိ ပစ္စည်းများကို လမ်းပေါ်တွင် ပုံထားလိုက်ပါဟု မိန့်တော်မူလိုက်သည်။ ထိုအခါ ၎င်းသူသည် ကိုယ်တော်ညွှန်ကြားသည့်အတိုင်း အိမ်ရှိပစ္စည်းများကို လမ်းပေါ်တွင် ပုံထားလိုက်သည် လူတို့မြင်ကြသောအခါ အဘယ့်ကြောင့် ပစ္စည်းများကို လမ်းတွင် ပုံထားရသနည်းဟု မေးကြရာ ထိုသူက အိမ်းနီးချင်း

သည် မိမိအား ဒုက္ခပေးသူဖြစ်သည်။ တမန်တော်က ဤနည်း အတိုင်းပြုလုပ်ရန် မိန့်တော်မူသည့်အတွက် ပြုလုပ်ရခြင်း ဖြစ်သည်ဟု ပြန်လည်ဖြေကြားခဲ့သည်။ ထိုအခါ လူတို့သည် အိမ်နီးချင်းဆိုးအား ဆူပူကြိမ်းမောင်းကြသည်။ အိမ်းနီးချင်းမှ အကြောင်းကိစ္စအလုံးစုံကို သိသော် မိမိအမှားအား ဝန်ချ တောင်းပန်ပြီး နောက်နောင် ဒုက္ခမပေးတော့ပါကြောင်း ပြော ဆိုလာသည်။ (الأدب المفرد للبخاري: باب شكاية الجار)

(၂) အိမ်နီးချင်းအား တဏှာမျက်စိဖြင့် မကြည့်ရ။

အနီးအနားတွင် နေထိုင်သည့်အတွက်ကြောင့် မိမိ အိမ်နီးချင်း အခြေအနေအရပ်ရပ်အား သိရသည်။ ခင်မင် ရင်းနှီးသည်။ ဤအခြေအနေတွင် အိမ်းနီးချင်း၏ ဇနီး၊ ချွေးမ၊ သမီး စသည့်တို့အား တဏှာမျက်စိဖြင့် ကြည့်ခြင်းသည် အလွန့်လွန် ကြီးလေးသော ပြစ်မှုဖြစ်သည်။

တမန်တော်မြတ်(ﷺ)က စွဟာဗဟ် သာဝကကြီးများအား ဇနာမှုနှင့်စပ်လျဥ်း၍ မေးတော်မူခဲ့သည်။ သာဝကကြီးများက ဇနာမှုသည် ဟရာမ်ဖြစ်သည်။ အလ္လာဟ်အရှင်မြတ်နှင့် ထိုအရှင်မြတ်၏ ရစူလ်က ဟရာမ်သတ်မှတ်ခဲ့သည်။ ကေယာမသ်နေ့တိုင် ဟရာမ်ဖြစ်မည်ဟု ဖြေကြားခဲ့ကြသည်။ ထိုအခါ တမန်တော်မြတ် (ﷺ)ကမိန့်တော်မူသည်- "အမျိုးသမီး (၁၀)ဦးဖြင့် ဇနာလုပ်ခြင်းထက်ပင် သာပိုကြီးမားသောပြစ်မှုမှာ မိမိအိမ်နီးချင်း၏ ဇနီးသည်ဖြင့် ဇနာပြုလုပ်ခြင်းဖြစ်သည်။" (الأدب الفرد للبخاري، باب حق الجار)

(၃) အိမ်နီးချင်းဖြင့် ကောင်းမွန်စွာဆက်ဆံရမည်။

من كان يؤمن بالله واليوم الآخر فليحسن إلى جاره.

(صحيح مسلم: كتاب الإيمان، باب الحث على إكرام الجار).

တမန်တော်မြတ် (ﷺ) အမိန့်ရှိတော်မူသည် - "အလ္လာဟ် အရှင်မြတ်နှင့် ကေယာမသ်နေ့ကို ယုံကြည်သူဖြစ်ပါက မိမိ အိမ်နီးချင်းအား ကောင်းမွန်စွာဆက်ဆံပါလေ။"

(၄) အိမ်နီးချင်းအား ကူညီရိုင်းပင်းရမည်။

အိမ်နီးချင်းအား ကူညီရိုင်းပင်းရမည်။ လက်ဆောင်ပဏ္ဏာ ပေးရမည်။

ليس المؤمن الذي يشبع وجاره جائع. (الإمام البيهقي في شعب الإيمان: ح: ٥٦٦٠).

တမန်တော်မြတ်(ﷺ)မိန့်တော်မူသည် - "မိမိက ဗိုက်ဝ အောင်စားနိုင်ပါလျက် အိမ်နီးချင်းအား ငတ်မွတ်စွာထားသူ သည် အီမာန်ရှင်မဟုတ်ပေ။"

အဗူဇရ် ဂေဖာရီ (﵁)အား တမန်တော်မြတ်(ﷺ)သည် ဤသို့ ဆုံးမတော်မူလေသည် - "ဟင်းချက်သည့်အခါ ဟင်း

ရည်ကို အနည်းငယ်ပိုချက်လိုက်ပါ ထို့နောက် အိမ်နီးချင်း အားလည်း မျှဝေပါ။” (صحيح مسلم: كتاب البر والصلة، باب الوصية بالجار والإحسان إليه)

(၅) အိမ် (သို့) ဥစ္စာပစ္စည်း တစ်ခုခုရောင်းမည်ဆိုလျှင် အိမ်နီးချင်းအား ဦးစားပေးပါ။

အိမ်နီးချင်း မဝယ်မှသာ တခြားသူအား ရောင်းချပါ။

တရားတော်က ဤသည်ကို “ရှုတ်ဖ်အဟ်-အိမ်နီးချင်း အခွင့်အရေး” ဟု အမည် မှည့်ထားပေးသည်။

الجار أحق بشفعته ينتظر به، وإن كان غائبا إذا كان طريقهما واحد. (جامع الترمذي: أبواب البيوع، باب ما جاء في الشفعة للغائب).

တမန်တော်မြတ် (ﷺ)မိန့်တော်မူသည် - “တစ်လမ်း တည်းအတူနေထိုင်သည့် အိမ်နီးချင်းသည် အရောင်းအဝယ်

တွင် ပို၍ ဦးစားပေးခံရသူဖြစ်သည်။ အကယ်၍ ၎င်းသည် ခရီးတွင် ရောက်ရှိနေစေကာမူ ပြန်လာသည်အထိ စောင့်ဆိုင်းပေရမည်။"

(၆) အိမ်နီးချင်းအတွက် အကောင်းလိုလားရမည်။

ကောင်းမြတ်သည့် စကားများ၊ သာသနာ့ အဆိုအမိန့်များကို သင်ကြားပြသပေးရမည်။ မုစ်လင်မ်တိုင်းအတွက် အကောင်းလိုလားရမည်မှာ မှန်သည်။ သို့သော် အိမ်နီးချင်းအတွက် ပို၍ပင် အကောင်းလိုလားရမည်ဖြစ်သည်။

ကေယာမသ်နေ့တွင် လူတစ်ဦးသည် အလ္လာဟ်အရှင်မြတ်ရှေ့မှောက်၌ မိမိအိမ်နီးချင်းနှင့် စပ်လျဉ်း၍ တိုင်တန်းလိမ့်မည်။ အို-အလ္လာဟ် ကျွန်တော်မျိုး၏ အိမ်နီးချင်းသည် ကျွန်တော်မျိုးအား လှည့်ဖြားခဲ့ပါသည်။ ထိုအခါ အိမ်နီးချင်းက အို-အလ္လာဟ်အရှင်မြတ်၊ အသင့်ဂုဏ်တော်၏ကာစမ်၊ ကျွန်

တော်မျိုးသည် ၎င်း၏ ဥစ္စာပစ္စည်းကိုလည်းကောင်း၊ အိမ်သူ အိမ်သားများကိုလည်းကောင်း မလှည့်ဖြားခဲ့ပါ။ ထိုအခါ တိုင်တန်းသည့် ပုဂ္ဂိုလ်က "မှန်ပါသည် သို့သော် ကျွန်တော် မျိုး ပြစ်မှုများကျူးလွန်နေသည်ကို မြင်တွေ့ပါလျှက် တားမြစ် ခဲ့ခြင်းမရှိပါ။"ဟုလျှောက်ထားလိမ့်မည်။

(كتاب الصلاة وما يلزم لها للإمام أحمد بن حنبل: ص: ٢٢)

မြို့အရပ်တွင် တိုက်ခန်းများဖြင့် နေထိုင်သူအများစုသည် မိမိအိမ်နီးချင်းများနှင့် ပတ်သတ်၍ မေ့လျော့ ပစ်ပယ်ထား ကြသည်။ မိမိအပေါ်ထပ်တွင်ရှိသူ၊ မိမိဘေးတွင်ရှိသူ၊ မိမိ အောက်ထပ်တွင်ရှိသူတို့နှင့် စပ်လျဉ်း၍ ဥပေက္ခာပြုထားကြ သည်။ အချို့သူတို့သည် တစ်ဦးနှင့် တစ်ဦး သိကျွမ်းမှုပင် မရှိကြပေ။ မိမိတို့ချည်းသာ သီးသန့် မရောနှောဘဲ နေထိုင် ခြင်းကို ယဉ်းကျေးမှုဟု မှတ်ယူထားကြသည်။

ကဗျာဆရာ တစ်ဦးက ဆိုသည်မှာ -

“နှစ်ယောက်သားရဲ့ နှလုံးသားတို့ ဝေးကွာနေငြားလည်း နံ့ရုံချင်းတော့ ထိစပ်နေပါတယ်။”

အစ္စလာမ်သာသနာသည် အိမ်နီးချင်းများနှင့် တွေ့ဆုံခြင်း၊ ကောင်းမွန်စွာဆက်ဆံခြင်း၊ အိမ်နီးချင်းတို့အား အမြဲအာရုံစိုက်နေခြင်း၊ ဝိုင်းဝန်းကူညီခြင်း၊ အကောင်းလိုလားခြင်းစသည့်တို့အား အီမာန်ရှင်ဖြစ်ခြင်း၏ အမှတ်သညာ အဖြစ်သတ်မှတ်ထားပြီး၊ အစ္စလာမ့်ယဉ်ကျေးမှု၏ အမှတ်သင်္ကေတအဖြစ် ပြဋ္ဌာန်းထားလေသည်။ သို့သာမက လူသားတစ်ယောက် ကောင်းခြင်း မကောင်းခြင်းအား အိမ်နီးချင်းတို့၏မှတ်ချက်ပေးမှုအပေါ်တွင် ရှိသည်ဟု ဖော်ပြထားပေသည်။

တမန်တော်မြတ် (ﷺ) ထံသို့ ပုဂ္ဂိုလ်တစ်ယောက်ရောက်ရှိလာပြီး မေးလျှောက်လေသည်။ “ကျွန်ုပ်၏ ကောင်းခြင်း၊ မကောင်းခြင်းအား မည်သို့သိနိုင်ပါသနည်း။” ထိုအခါ တမန်တော်မြတ်(ﷺ)က မိန့်တော်မူသည် - “အသင့် အိမ်နီး

ချင်းက အသင်သည် ကောင်းမွန်သူဖြစ်သည်ဟု မှတ်ချက်ပြု လျှင် မုချ အသင်သည် ကောင်းမွန်သူဖြစ်ပြီး၊ အသင့်အိမ်နီး ချင်းက အသင်သည် မကောင်းသူဟု မှတ်ချက်ပြုလျှင် မုချ အသင်သည် မကောင်းသူဖြစ်သည်။”

(صحيح ابن حبان: ح: ٥٢٥)

ကျွန်ုပ်တို့မွတ်စ်လင်မ်များသည် အစ္စလာမ်သာသနာက လမ်းညွှန်ထားသည့်အတိုင်း အိမ်နီးချင်း တာဝန်ဝတ္တရားများ ကို ကျေပွန်ပါလျှင်၊ အိမ်နီးချင်းများဖြင့် ကောင်းမွန်စွာ ဆက်ဆံပါလျှင် ကျွန်ုပ်တို့ ပတ်ဝန်းကျင်သည် အဘယ်မျှ အေးချမ်းသာယာနေပြီး လူမှုရေး ပြဿနာများမှ မည်မျှ ကင်းဝေးနေပါမည်နည်း။

အလ္လာဟ်အရှင် ကျွန်ုပ်တို့အားလုံးအား လိုက်နာနိုင်သည့် အခွင့်အလမ်းများ ချီးမြှင့်တော်မူပါစေ။ အာမီးန်

အိမ်နီးချင်းကောင်းလိုချင်လျှင် ကိုယ်က

ဦးစွာ အိမ်နီးချင်းကောင်း ပီသရမည်၊

အိမ်နီးချင်း၏ ဒုက္ခကို မခံစားနိုင်လျှင်

ကိုယ်ကလည်း သုခဖန်တီးသူ ဦးစွာ ဖြစ်ရမည်၊